သာယာကုန်းကျေးရွာ
ပုလောမြို့နယ်၊
မြိတ်ခရိုင်
တနင်္သာရီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၃)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သာယာကုန်းကျေးရွာ၊ ပုလောမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၀ပြည့်နှစ်၊ ဇွန်လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	
	သာယာကုန်းကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာ


ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

၂၀၂၀ခုနှစ်၊ ဇွန်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သာယာကုန်းကျေးရွာ
ပုလောမြို့နယ်

သာယာကုန်း ကျေးရွာသယ်ဇောတပြေမြေပုံ၊ ပုလောမြို့နယ်


သာယာကုန်း ကျေးရွာ သယ်ဇောတပြေမြေပုံ
ရွာမြောက်ဘက်သို့
ရွာမြောက်ဘက်သို့
ရွာမြောက်ဘက်သို့
ရွာတောင်ဘက်သို့
ရွာအရှေ့ဘက်သို့
ရွာအနောက်ဘက်သို့
ရွာအနောက်ဘက်သို့
ရွာအနောက်


⇒ အညွှန်း ⇐
- ကူးစက်ဆိပ်
- လမ်း
- မြစ်/ချောင်း
- တံတား
- အသင်းကျောင်း
- လယ်
- သင်္ချိုင်း
- အုန်းကြီးကျောင်း
- ဈေး
- နွားကျောင်း

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

သာယာကုန်းကျေးရွာသည် ပုလောဖျားကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပါဝင်ပါသည်။ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၅၉မိနစ်၊ ၂၇စက္ကန့်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၄၃မိနစ်၊ ၃၀စက္ကန့်ကြားတွင် အရှေ့ဘက်တွင် ရေရှမ်းကျေးရွာ၊အနောက်ဘက်တွင် မြို့ဟောင်းကျေးရွာ ၊တောင်ဘက်တွင် ဂျင်းနီကျေးရွာ၊ မြောက်ဘက်တွင် ချောင်းလှတို့နှင့် ထိစပ်လျက် ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

သာယာကုန်းကျေးရွာသည် ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးအပူချိန်(၃၈.၅)ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်(၁၈.၅)ဒီဂရီ စင်တီဂရိတ် ဖြစ်ပါသည်။ သာယာကုန်းကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များအား အသင့်အတင့်ထွက်ရှိပြီး အခြားဒေသများမှ သွားရောက်ဝယ်ယူရန် မလိုပါ။ သဘာဝဆေးဖက်ဝင်ပင် အနည်းအကျဉ်းရှိပြီး တောတိရစ္ဆာန်မျိုးစိတ်များ ရှားပါးနေပြီ ဖြစ်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သာယာကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၃) အိမ်ရှိ ပြီး လူဦးရေစုစုပေါင်း (၂၁၉) ဦးရှိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးမှုပိုင်းအနေဖြင့် တိုးတက်မှု အသင့်အတင့်ရှိသော ကျေးရွာတရွာဖြစ်ပါသည်။ သာယာကုန်းကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေးရာ များဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း(၈)ခုရှိပြီး စေတနာဝန်ထမ်း (အမျိုးသမီးစွမ်းဆောင် ရည်မြှင့်တင်ရေး)ပရဟိတအဖွဲ့မှ ရပ်ရွာအတွင်း ငွေစုငွေချေးအဖွဲ့ဖွဲ့ပြီး အတိုးနှုန်း (၂)ကျပ်နှုန်းဖြင့် ထုတ်ချေး ပေးခြင်း၊ ကျေးရွာ၏ လူမှုရေးလုပ်ငန်းများအား အဓိကဆောင်ရွက်နေကြပါသည်။ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့မှ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍများတွင် ဦးဆောင်ဦးရွက်ပြု လုပ်ဆောင်ပြီး စသည့်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေကြပါသည်။ သာယာကုန်းကျေးရွာတွင် ချေးငွေများ လိုအပ်နေပါသည်။ Vision Fundမှ အတိုး(၂ကျပ် ၂၀ပြား) ဖြင့် ၅သိန်းမှ ၁၅သိန်းအထိ ပိုင်ဆိုင်မှုပြု၍ (၁)နှစ်ကာလ ကြာမြင့်စွာ ထုတ်ချေးပေးလျက်ရှိပြီး World Vision အဖွဲ့မှ ကျေးရွာအတွင်း ငွေစုငွေချေး အဖွဲ့အစည်း တစ်ခုပေါ်ပေါက်လာစေရန်နှင့် ရေရှည်တည်တံ့စေရန် နည်းပညာ များပံ့ပိုးပေးလျက်ရှိပါသည်။ သာယာကုန်း ကျေးရွာ၏ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေးကိစ္စများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ကျေးရွာအတွင်းရှိ ပရဟိတ အဖွဲ့နှင့် ကျေးရွာပြင်ပရှိ ပရဟိတအဖွဲ့တို့ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

သာယာကုန်းကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၇၀)ဧက၊ ဥယျာဉ်ခြံမြေ (၁၅၀)ဧကခန့် ရှိပါသည်။ ၂.၅ဧကအောက် ဆင်းရဲသားတောင်သူ(၁၀)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၀) အိမ် ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၅) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၃)အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့်လယ်လုပ်ငန်းနှင့် ဥယျာဉ်ခြံသီးနှံများ ကို အဓိက အားထား စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေ အနည်းဆုံး(၁)ဧကခန့် ပိုင်ဆိုင်ကြပါသည်။ သာယာကုန်းကျေးရွာတွင် အဓိက အလုပ်လုပ်နိုင်သော သာယာကုန်းကျေးရွာ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း (ကွမ်းသီးပင်၊ ရာဘာ) တို့ အဓိကလုပ်ကိုင်ကြပြီး ရာသီအလိုက် သီးပင်စားပင်များကို မိသားစုဝမ်းစာရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။ မိသားစုစီးပွားရေးအတွက် ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် လူဦးရေအနည်းအငယ်ခန့်လည်းရှိပါသည်။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြင့် လုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။ အရောင်းအဝယ်၊ မွေးမြူရေးလုပ်ငန်းနှင့် လက်သမား/ပန်းရံ အား တနိုင်တပိုင်လုပ်ကိုင်သည့်အိမ်ထောင်စုအနည်းငယ်သာ ရှိပါသည်။

(ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

သာယာကုန်းကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် အိမ်ထောင်အများစုမှာ နွား၊ ဝက်၊ ကြက်၊ ဘဲ စသည်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပြီး တိရစ္ဆာန်ကူးစက်ရောဂါများ ကျရောက်မှု နည်းပါးသော်လည်း စီးပွားဖြစ် မွေးမြူရေးဆိုင်ရာနည်းစနစ်များနှင့် ရောဂါကာကွယ်ရေးဆိုင်ရာ ဆွေးနွေး ပွဲများပြလုပ်ပေးနိုင်ပါက ပိုမိုအဆင်ပြေပါမည်။ ငါးလုပ်ငန်းဆိုင်ရာ ဖမ်းဆီး/မွေးမြူသည့် အိမ်ထောင်စုများ မရှိပါ။

သာယာကုန်းကျေးရွာတွင် စားကျက်မြေအသင့်အတင့်ရှိခြင်း၊ မျိုးကောင်းမျိုးသန့်များဝယ်ယူရန် လက်လှမ်းမီခြင်း၊ ချေးငွေ အသင့်အတင့် ရရှိနိုင်ခြင်း၊ သွင်းအားစုများဝယ်ယူနိုင်ခြင်း၊ မွေးမြူရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများ လက်လှမ်းမီခြင်း၊ အိမ်ခြံဝင်းအတွင်း မွေးမြူရေးလုပ်ကိုင်ရန် နေရာများ လုံလောက်စွာရှိခြင်းကလည်း ကျေးရွာရှိ အိမ်ထောင်စုများအတွက် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုး တက်ရန် အလားအလာ ရှိနေပါသည်။ မွေးမြူရေးကို တနိုင်တပိုင်သာ မွေးမြူကြပါသည်။

သာယာကုန်းကျေးရွာတွင် ရွာသူ/သားများသည် မွေးမြူရေးကဏ္ဍအတွက် စိတ်ပါဝင်စားမှု အားနည်းပြီး စိုက်ပျိုးရေးလုပ်ငန်းကိုသာ အလေးထားလုပ်ကိုင်ကြပါသည်။ ထို့အပြင် ငါး/ပုဇွန်မွေးမြူရန် ရေမြေအနေအထားကောင်းမွန်မှုမရှိခြင်းသည်လည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးမြှင့် ပေးနိုင်မည့် လုပ်ငန်းအမျိုးအစားအသစ်တစ်ခုအတွက်

အဟန့်အတားဖြစ်စေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

သာယာကုန်းကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းကျွမ်းကျင်မှု အားနည်းပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊အသေးစား လုပ်ငန်းများ အတွက် ဈေးကွက်အသိအမြင် အသင့်အတင့်ရှိခြင်း၊ ချေးငွေရနိုင်မှု အသင့်အတင့်ရှိခြင်းတို့ကလည်း ကျေးရွာ၏ အသေးစားအလတ်စား စီပွားရေးလုပ်ငန်းများအတွက် အသက်မွေးမှုပြုနိုင်သည့် အခွင့်အလမ်း ကောင်းများဟု ဆိုရမည်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် နည်းပညာဝန်ဆောင်မှုများရရှိရန် လိုအပ်နေပါသည်။ ချေးငွေရရှိသော်လည်း လိုအပ်သလောက် မရရှိပါ။

သာယာကုန်းကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာရပ်တစ်ခုခုကို တက်မြောက်သူနည်းပါးခြင်း၊ လျှပ်စစ်မီးမရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအသင့်အတင့်ရှိသော်လည်း ပိုမိုကောင်းမွန်သော အလုပ်များနှင့် ဝင်ငွေတိုးတက်စေရန်အတွက် အခြားဒေသများနှင့် ပြည်ပနိုင်ငံများတွင် သွားရောက် လုပ်ကိုင်ကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

သာယာကုန်းကျေးရွာတွင် လယ်သမားများ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ လယ်စိုက်ပျိုးသူများသည် သီးနှံထွက်ရှိချိန်တွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ ပြန်လည်ပေးဆပ်ရသည်။ ချေးငွေကာလတိုပြီး လုံလောက်သော ချေးငွေများ မရသည်ကလည်း လုပ်ငန်း တိုးချဲ့နိုင်ရန်အတွက် ကြန့်ကြာမှုများ ဖြစ်နေသဖြင့် ကာလရှည်ချေးငွေများ ရရှိလိုကြပါသည်။ အစိုးရမဟုတ် သော ပြင်ပအဖွဲ့အစည်း Vision Fund မှ ချေးငွေရှိပါသည် ။မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇)တင်ပြ နိုင်သည့် လယ်သမားများသာ ချေးငွေရရှိပြီး Vision Fundမှာ ပိုင်ဆိုင်မှုပြုနိုင်မှသာ အနည်းဆုံး(၅)သိန်းမှ အများဆုံး (၁၅)သိန်းသာ ချေးယူရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

သာယာကုန်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးများ ကျောင်းသူ/သားများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ သွားလာရေးနှင့် စီးပွါးရေးကိစ္စတွင်အသုံးပြုကြပါသည်။ စက်ဘီးစီးရေမှာ (၁၅)စီး ၊ဆိုင်ကယ် (၂၅)စီး၊ နွားလှည်း (၁)စီးရှိပြီး ရွာ၏သယ်ယူ ပို့ဆောင်ရေးတွင် အဓိကအသုံးပြုကြပါသည်။

ကျေးရွာတစ်ရွာ၏ဖွံ့ဖြိုးမှုကို သုံးသပ်လိုလျှင် ကျေးရွာအခြေခံ အဆောက်အဦး

ဖွံ့ဖြိုးမှုမှာလည်း အရေးပါလှသော အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ကျေးရွာ၏ ဖွံ့ဖြိုးမှု အခြေအနေကို သုံးသပ်လျှင် ဖွံ့ဖြိုးမှု အားနည်းနေခြင်းကြောင့် ကျေးရွာတွင်း လမ်း(၁/၀)မိုင်အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ရန်လိုအပ်နေပါသည်။ သာယာကုန်း- ချောင်းလှ ကျေးရွာ ရွာချင်း ဆက်လမ်း(၄/၀)မိုင်၊ သာယာကုန်း-မြို့ဟောင်း ကျေးရွာချင်းဆက်လမ်း (၁/၀.၃)မိုင်းနှင့် သာယာကုန်း-ဒူးရင်းပင်ရှောင်ကျေးရွာချင်းဆက်လမ်း((၃/၀)မိုင်တို့ အား ကျောက်ချောလမ်းသို့ အဆင့်မြှင့် တင်ရန် လည်း လိုအပ်လျက်ရှိပါသည်။

သာယာကုန်းကျေးရွာတွင် ကြိုးတံတားမှာ (၂၀၁၀-၂၀၁၁) ခုနှစ်တွင် ဆွတ်ဇာလန် နိုင်ငံမှ ဆောက်လုပ်လှူဒါန်းထားပြီးဖြစ်ပါသည်။ သာယာကုန်း-ဒူးရင်းပင်ရှောင် ကျေးရွာ ချင်းဆက်လမ်း((၃/၀)မိုင်လမ်းပေါ်တွင် ပေါင်းကူးတံတား(၁၀)ပေ (၁)စင်း လိုအပ်လျက် ရှိပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

သာယာကုန်းကျေးရွာတွင် (၂၄)နာရီမီး မရရှိသဖြင့် ကျေရွာအတွင်း ကျောင်းသား/ သူများမှား၏ ပညာရေးကဏ္ဍ တိုးတက်မှုမရှိခြင်း ၊ လုံခြုံမှု မရှိခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီ မချက်ပြုတ်နိုင်ခြင်း၊ အသေးစားစက်မှု၊ လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုမရှိခြင်း ကြောင့် လျှပ်စစ်မီး အထူးလိုအပ်နေပါသည်။ ဒီဇယ်အင်ဂျင်မီး အသုံးပြုသည့် အိမ်ထောင်စု(၃)စုရှိပါသည်။ ဖယောင်းတိုင်မီးနှင့် မီးခွက်ကိုသာ အသုံးပြုကြရသဖြင့် မီးဘေးအန္တရာယ်လည်း စိုးရိမ်မှုရှိပါသည်။ထို့အပြင် လမ်းပန်းဆက် သွယ်ရေးမှာ ကောင်းမွန်မှုမရှိသဖြင့် (၂၄)နာရီမီး မရရှိသော်လည်း အိမ်တိုင့်စေ့ဆိုလာ မီးရရှိမည်ဆိုပါက ကျေးရွာအတွက် များစွာ အထောက်အပံ့ဖြစ်စေပါမည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

သာယာကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၄၀) လုံး၊ ရေဒီယို(၂၀)လုံး၊ တီဗွီ(၃)လုံး၊ကြိုလ်တုစလောင်း(၃)စသည်တို့မှ ရရှိ ပါသည်။ သာယာကုန်းကျေးရွာ၏ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ အခြေအနေများမှာ အားနည်းပါသည်။ သာယာကုန်းကျေးရွာတွင် ဖုန်းတာဝါ တိုင်မရှိသဖြင့် လိုင်းဆွဲအားမကောင်းပါ။ နတ်အိမ်တောင်ကျေးရွာ တာဝါတိုင်မှတဆင့် အနည်းငယ် လိုင်းမိသော်လည်း တောင်ပေါ်တက်မှ လိုင်းရရှိနိုင်ပါသည်။ ဆက်သွယ်၍ ရသော CDMAဖုန်းမှာ(၂)လုံးသာရှိပါပြီး ကျန်သော ဖုန်းများမှာ မြို့ပေါ်ရောက်ရှိမှ အသုံးပြုကြရပါသည်။

၆။ ပညာရေး

သာယာကုန်းကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိ၍ မူလတန်းပညာ သင်ကြားရသော ကလေးများအတွက် အဆင်ပြေစွာ ကျောင်းတက်နိုင်ပြီး အစိုးရခန့် ဆရာမ (၅) ဦးမှ ကျောင်းသား(၂၆)ဦးအား ပညာသင်ကြားပေးနေပါသည်။ မူလွန်အဆင့်ပညာ ရေးကို ရေရှမ်းကျေးရွာတွင် သွားရောက်သင်ကြားရပြီး အလယ်တန်းနှင့် အထက်တန်း အဆင့် ပညာရေးကို (၅) မိုင်ခန့်ဝေးသော ပုလောမြို့တွင် သွားရောက်သင်ကြားရပါသည်။ ပညာရေးအဆောက်အဦများမှာ အသင့်အတင့်သာရှိပြီး လိုအပ်သလိုပြုပြင်ရန်နှင့် ကျောင်းတွင်းပရိဘောဂများနှင့် စာရေးထိုင်ခုံများလည်းလိုအပ်ပါသည်။ ကျောင်းခြံစည်း ရိုးမရှိသဖြင့် ကျောင်းသား/သူများ ကျောင်းပြင်ထွက်ဆော့ကစားခြင်း၊ ကွဲ၊နွားများဝင် ရောက်ခြင်းတို့ကြောင့် ကျောင်းခြံစည်းရိုး(၅၀၀)ပေး ကာရံရန် လိုအပ်နေပါသည်။ ကျောင်းသား/သူများ အိမ်သာအနေအထားမှာ အသင့်အတင့် ကောင်းမွန်မှုရှိပါသည်။

သာယာကုန်းကျေးရွာတွင် စာမတတ်သူ (၁.၂၈%)ရှိပါသည်။ ကျေးရွာလူဦးရေ ၏ (၈၇.၁၇%)မှာ မူလတန်းအဆင့်ပညာရေးသာပြီးမြောက်မှုရှိကြပြီး၊ အလယ်တန်းအဆင့်အထိ တတ် မြောက်သူ (၇.၆၉%)၊ အထက်တန်းအဆင့် တတ်မြောက်သူ (၂.၅၆%)၊ တက္ကသိုလ်/ကောလိပ် အဆင့်ရှိ သူဦးရေမှာလည်း(၁.၂၈%) အထိရှိပြီး အတန်းပညာ တတ်မြောက်မှုတိုးတက်လာသောကြောင့် အနာဂတ် ကာလကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင် လူစွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

သာယာကုန်းကျေးရွာနှင့် တစ်မိုင်ခန့်ဝေးသော ရေရှမ်းကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနတွင် ကလေးမီးဖွားခြင်းနှင့် သာမန်ရောဂါများကို ကုသနိုင်ပါသည်။ အရေးပေါ်လူနာများကို ပုလောမြို့နယ် ပြည်သူ့ဆေးရုံတို့တွင် သွားရောက်ကုသကြပါသည်။ ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် အမြဲတမ်းကျန်းမာရေး ဝန်ထမ်း(၁)ဦးနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ မကြာခဏပြုလုပ်ပေးရန် လိုအပ်နေပါသည်။

သာယာကုန်းကျေးရွာတွင် (၂၀၁၀-၂၀၁၁)ခုနှစ်တွင် လွတ်တော်နှင့်ကျေးရွာ ပူးပေါင်း ပြီး (စိမ့်စမ်းရေ)သွယ်တန်းထားသော်လည်း ယခုအခါတွင် ပိုက်များပျက်စီး သွားပြီဖြစ် သဖြင့် အိမ်တိုင်ရာရောက် ရေသွယ်တန်းခြင်းနှင့် ဂါလံ(၅၀၀၀)ဆံ့ ရေကန် တစ်ကန် တည်ဆောက်ရန် အရေးပေါ် လိုအပ်နေပါသည်။

သာယာကုန်းကျေးရွာတွင် ရေလောင်း/ယင်လုံအိမ်သာများ အားလုံးနီးပါး အသုံး

ပြုကြပါသည်။ သို့သော်လည်း အဆင့်မှီသော အကာအရံများမရှိသေးပါ။ တချို့မှာ ယိုင်ဖြင့် ကာရံပြီး တချို့မှာ ဂုန်နီအိတ်များဖြင့်သာ ကာရံထားကြပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သာယာကုန်းကျေးရွာ၏ စိုက်ပျိုးမြေများမှာ မြေဆီဩဇာ ပြန်လည် ဖြည့်တင်း သည့်စနစ်အား ကျင့်သုံးမှုအားနည်းခဲ့ခြင်းကြောင့် အထွက်နှုန်းနည်းရခြင်း အကြောင်းရင်း တစ်ခု ဖြစ်ပါသည်။ ဖျက်ပိုးကျရောက်မှု အသင့်အတင့်သာရှိသော်လည်း နည်းပညာ ပံ့ပိုးပေးနိုင်သည့် စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဆိုပါက သီးနှံဖျက်ပိုး နှင့်ပတ်သက်၍ အခက်အခဲများ လျော့နည်းနိုင်ပါသည်။ ထို့အပြင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်မှာလည်း အားနည်းနေသည်ဖြစ်ရာ စနစ်တကျစွန့်ပစ်ခြင်း၊ အမျိုးအစား အလိုက် ပြန်လည်အသုံးချခြင်းစသည့် စနစ်များအား ဦးဆောင်ဦးရွက်ပြုနိုင်မည့် ကျေးရွာ တွင်း အဖွဲ့အစည်း သို့မဟုတ် ကျေးရွာပြင်ပမှ အဖွဲ့အစည်းများမှ လုပ်ငန်းစဉ် အဆင့်ဆင့် အား ကျေးရွာသူ/ကျေးရွာသားများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

သာယာကုန်းကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု အားနည်းပြီး ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင် ဆောင်ရွက်နေကြပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက် မှုများတွင် ကာကွယ်ရ မည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ပုလောဖျားကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

စဉ်	ကဏ္ဍ	ကဏ္ဍခွဲ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	ဦးစားပေး အဆင့်	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက်ရေပေးရေး	သောက်သုံးရေ	စိမ့်စမ်းရေသွယ်တန်းခြင်း (၁၁/၂' Ø(၂/၀)မိုင်)	ပထမ	
၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်း(၁)မိုင်အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း	ဒုတိယ	
၃	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	သာယာကုန်း-ချောင်းလှကျေးရွာချင်းဆက်လမ်း (၄)မိုင်အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်း	တတိယ	
၄	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	သာယာကုန်း-မြို့ဟောင်းကျေးရွာချင်းဆက်လမ်း (၁/၀.၃)မိုင်အား မြေသားလမ်းအဖြစ် ဖောက်လုပ်ခြင်း		
၅	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ရွာချင်းဆက်လမ်း၊တံတား ဆောက်လုပ်ခြင်း	ကျေးလက်လမ်းတံတား	သာယာကုန်း-ဒူးရင်းပင်ရှောင်ကျေးရွာချင်းဆက်လမ်း (၃)မိုင် အား ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ခြင်းနှင့် (၁၀)ပေ ပေါင်းကူးတံတား (၁)စင်း တည်ဆောက်ခြင်း		
၆	ကျန်းမာရေး	အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု	သားဖွါးဆရာမ/ ကျေးလက်ကျန်းမာရေး မှူးစသည်	အမြဲတမ်းကျန်းမာရေးဝန်ထမ်း(၁)ဦးချထားပေးရန်		
၇	ကျန်းမာရေး	အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ ကျေးလက်ကျန်းမာရေးဝန်ဆောင်မှု	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပုံမှန်ပြုလုပ်ပေးခြင်း		
၈	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းခြံစည်းရိုး (၅၀၀)ပေ တည်ဆောက်ခြင်း		

ပုလောဖျားကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဦးစားပေးစီမံချက်များ

စဉ်	ကဏ္ဍ	ကဏ္ဍခွဲ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	ဦးစားပေးအဆင့်	မှတ်ချက်
၁၁	ပညာရေး	အခြေခံပညာရေးဆိုင်ရာ	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်ဆည်းခြင်း		
၁၂	လျှပ်စစ်	မိသားစုသုံးဆိုလာအားသွင်း စနစ်ဖြင့် မီးလင်းရေး	မိသားစုသုံးဆိုလာ	အိမ်တိုင်းစေ့ ဆိုလာမီးရရှိရေးအတွက် တင်ပြတောင်းခံခြင်း		
၁၃	လူငယ်နှင့် အားကစား	အားကစားနှင့် ကာယပညာ ရပ်ဆိုင်ရာ၊ အားကစားကွင်း၊	အားကစား	ကျေးရွာဘောလုံးကွင်း ပြုပြင်ခြင်း		
၁၄	လူငယ်နှင့် အားကစား	လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးစေရေး	လူငယ်အခွင့်အရေး	ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ခြင်း		
၁၅	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ	အခြားထုတ်ကုန်လုပ်ငန်းများ အသေးစား အလတ်စားနှင့် အကြီးစားလုပ်ငန်းဆိုင်ရာများ	ထုတ်ကုန်လုပ်ငန်းများ SMLE	အသက်မွေးဝမ်းကျောင်းသင်တန်း (အသေးစားစက်ပြင်၊ အပ်ချုပ်၊ မုန့်လုပ်၊ လက်သမား/ ပန်းရံဆိုင်ကယ်ပြင်၊ မိတ်ကပ်ဆံပင်) ပြုလုပ်ခြင်း		
၁၆	စိုက်ပျိုးရေး	စိုက်ပျိုးရေး နည်းပညာ	နည်းပညာ	မျိုးကောင်းမျိုးသန့်များ ရရှိရန်နှင့် ထုတ်လုပ်သည့် နည်းပညာလိုအပ်ခြင်း		
၁၇	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာ	နည်းပညာ	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ပြုလုပ်ပေးခြင်း		
၁၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ	မွေးမြူရေးနှင့် ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ	နည်းပညာ	မွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ပြုလုပ်ပေးခြင်း		
၁၉	ငွေကြေး	အသေးစားငွေကြေးဝန်ဆောင်မှု	အသေးစား	အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန် ချိတ်ဆက်ပေးခြင်း		
၂၀	လူငယ်နှင့် အားကစား	လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးစေရေး	လူငယ်အခွင့်အလမ်း	လူငယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ပြုလုပ်ပေးခြင်း		

နောက်ဆက်တွဲ (၁)

သာယာကုန်းကျေးရွာ၊ ပုလောဖျားကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးရဲမျိုးအောင်	ဦးစိန်ကောင်းအောင်	ဖ/ပလန(နိုင်)၁၃၂၄၃၃	၃၂	နာယက	၀၉၄၉၆၀၀၇၅၆/ ၀၉၂၅၁၄၁၇၆၅၀
၂	ဦးသိန်းလွင်	ဦးထွန်ကြိုင်	ဖ/ပလန(နိုင်)၀၄၂၄၇၅	၅၀	ရပ်မိရပ်ဖ	
၃	ဦးစိုးလွင်	ဦးဘသင်	ဖ/ပလန(နိုင်)၀၁၇၉၉၂	၅၂	ရပ်မိရပ်ဖ	
၄	ဦးအောင်လွင်	ဦးသိန်းတင်	ဖ/ပလန(နိုင်)၀၀၀၇၀၅	၅၁	ရပ်မိရပ်ဖ	
၅	ဦးဝင်းခိုင်ထွန်း	ဦးတင်လှ	ဖ/ပလန(နိုင်)၀၇၆၇၇၂	၃၃	ဥက္ကဋ္ဌ	
၆	ဦးသောင်းဆွေ	ဦးထွန်းဉာဏ်	ဖ/ပလန(နိုင်)၀၁၉၈၃၇	၅၄	အတွင်းရေးမှူး	၀၉၄၉၈၈၁၁၀၅
၇	ဦးကျော်လွင်	ဦးထူးလွင်	ဖ/ပလန(နိုင်)၀၄၂၅၀၄	၄၁	ဘဏ္ဍာရေးမှူး	
၈	ဒေါ်ရီတင်	ဦးထွန်းရှိန်	ဖ/ပလန(နိုင်)၀၅၁၈၅၂	၄၁	စာရင်းကိုင် (၁)	၀၉၄၉၃၂၈၁၈၉
၉	ဒေါ်အေးမူ	ဦးသိန်းမြ	ဖ/ပလန(နိုင်)၀၄၂၇၆၅	၄၃	စာရင်းစစ်	
၁၀	ဒေါ်မြင့်ဌေး	ဦးကျားဘသိန်း	ဖ/ပလန(နိုင်)၀၈၅၂၄၃	၃၁	အဖွဲ့ဝင်	
၁၁	ဒေါ်ရှင်ဌေး	ဦးအောင်မြင့်	ဖ/ပလန(နိုင်)၀၆၈၃၈၇	၃၇	အဖွဲ့ဝင်	
၁၂	ဦးထိန်ဝင်း	ဦးထွန်းအောင်	ဖ/ပလန(နိုင်)၀၁၉၈၅၄	၅၄	အဖွဲ့ဝင်	
၁၃	ဦးထွန်းဝင်း	ဦးလှရှိန်	ဖ/ပလန(နိုင်)၀၃၂၈၉၆	၄၆	အဖွဲ့ဝင်	
၁၄	ဦးကြည်ဝင်း	ဦးဒီ	ဖ/ပလန(နိုင်)၀၆၅၆၁၈	၄၈	အဖွဲ့ဝင်	
၁၅	ဦးအောင်နိုင်ဝင်း	ဦးစိန်မောင်	ဖ/ပလန(နိုင်)၀၃၂၀၈၃	၄၃	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	-	၂
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၂	၁၃	၂၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၉	၁၁	၂၀
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၃	၁၄	၂၇
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၄	၆၈	၁၃၂
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၅	၈	၁၃
စုစုပေါင်း		**၁၀၅**	**၁၁၄**	**၂၁၉**
စုစုပေါင်း အိမ်ထောင်စု		**၄၃**		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာတွင် အဓိကအားဖြင့် ဗမာလူမျိုးနှင့် ကရင်လူမျိုး များနေထိုင်ကြပြီး အိမ်ထောင်စု(၄၃)စု၊ လူဦးရေ (၂၁၉)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၀.၉၁%)၊ ငါးနှစ်အောက် ကလေးငယ်အရွယ် (၁၁.၄၁%)၊ မူလတန်းကျောင်း သားအရွယ် (၉.၁၃%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၂.၃၂%)၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၉၃%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၉.၇၂)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၆၄) ဦး၊ မ(၆၈)ဦး စုစုပေါင်း(၁၄၁)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၄.၃၈)% ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၀၉) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင် စု၏ အမျိုးသားအဆင့်ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် ပိုမိုနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး၊ဥယျာဉ်ခြံလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂၅	၄၅	၈	မြင့်□လတ်✔နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေနဲငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း			-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း			-	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၅	၅		မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၉		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁		မြင့် □လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့် □လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □လတ်□နိမ့်□
၂၀	**အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅	၂၅	၃၁	ကျောမ်း/နိုင်ငံခြား
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	၁	မြင့် □လတ်□နိမ့်□
	စုစုပေါင်း	၄၃	၈၅	၄၀	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ **'အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ'** အရေအတွက်တွင် **'မိသားစုဝင်လုပ်အား'** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)'** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**'စိုက်ပျိုးရေး'** ကဏ္ဍ၏ **'ကိုယ်ပိုင်လုပ်ငန်း'** တွင်ရပ်တည်နိုင်မှု **'မြင့်'** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ် ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာတွင် အဓိက အလုပ်လုပ်နိုင်သော သာယာကုန်းကျေးရွာ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း (ကွမ်းသီးပင်၊ ရာဘာ) တို့ အဓိကလုပ်ကိုင်ကြပြီး ရာသီအလိုက် သီးပင်စားပင်များကို မိသားစုဝမ်းစာရေးအတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြပါသည်။ မိသားစုစီးပွားရေး

အတွက် ပြည်ပသို့ သွားရောက်လုပ်ကိုင်သည့် လူဦးရေအနည်းအငယ်ခန့်လည်းရှိပါသည်။ ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် လုပ်ကိုင်သည့် အိမ်ထောင်စုများမရှိပါ။ အရောင်းအဝယ်၊ မွေးမြူရေး လုပ်ငန်းနှင့် လက်သမား/ပန်းရံအား တနိုင်တပိုင်လုပ်ကိုင်သည့်အိမ်ထောင်စုအနည်းငယ်သာ ရှိပါသည်။

ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-		-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	–	၈၀၀၀	–
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာတွင် ကွမ်းသီးဥယျာဉ်ခြံများ ၊ ရာသီပေါ်သီးနှံစိုက်ပျိုးသူများ တောခုတ်သူများဖြစ်ပြီး လုပ်ငန်းအလိုက်အသက်အရွယ်လိုက်ကြည့်ပြီး လုပ်အားခသတ်မှတ်ပေးဆောက်လုပ်ရေးလုပ်ငန်းများ၊ လုပ်ကိုင်ကြပြီး လုပ်ငန်းကျွမ်းကျင်မှုအပေါ် အခြေခံ၍ လုပ်ကိုင်ရသည့် အလုပ်များတွင်မူ ကျား/မ ဝင်ငွေရရှိမှု များစွာကွာခြားပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၇၀	ကောင်း ☐	သင့် ✔	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ (ကွမ်း/ ရာဘာ)	၁၅၀	ကောင်း ☐	သင့် ✔	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကိုင်း/ကျွန်းမြေ	–	ကောင်း ☐ သင့်☐ ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ	–	ကောင်း ☐ သင့်္ဂ်☐ ညံ့ ☐
မြေလွတ် မြေလပ်	–	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၂၂၀	☒

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာ၏ လယ်မြေနှင့် ဥယျာဉ်ခြံမြေများ၏ မြေဆီလွှာ ထက်သန်မှုမှာ အသင့်အတင့်သာရှိ၍ စပါးနှင့်အခြားသီးနှံများထုတ်လုပ်မှုတွင် အထွက်နှုန်းတိုးတက်လာစေရန် စိုက်ပျိုးနည်းစနစ်များ၊ မြေဆီဩဇာအဆင့်အတန်းကောင်းမွန်လာစေရန် လိုက်နာရမည့် နည်းစနစ်များ ကျင့်သုံးရန် လိုအပ်နေပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ✔	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်✔ နည်း☐ မရှိ☐	လွယ်✔ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း✔ မရှိ☐	လွယ်☐ ခက် ✔အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း✔ မရှိ☐	☒

ရင်းမြစ်..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာတွင် ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ မထွက်ရှိဘဲ အခြေခံအဆောက်အဦများအတွက် လိုအပ်သော သဲ၊ ကျောက်နှင့် ကျောက်စရစ်များအား အသင့်အတင့်ထွက်ရှိပြီး အခြားဒေသများမှ သွားရောက်ဝယ်ယူရန် မလိုပါ။ သဘာဝဆေးဖက်ဝင်ပင် အနည်းအကျဉ်းရှိပြီး တောတိရစ္ဆာန်မျိုးစိတ်များ ရှားပါးနေပြီဖြစ်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း

	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အသင့်အတင့်	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	နည်း	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၂၀	၁၁	၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။သာယာကုန်းကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုမှာ (၁၁.၆၂%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၄၆.၅၁%)ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ (၂၅.၅၈%) ရှိပြီး ထုတ်ကုန်လုပ်ငန်း၊ တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ထိုအိမ်ထောင်စုများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေး(သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် လယ်နှင့်သက်ဆိုင်သော ရာသီအလိုက်လုပ်ငန်းများနှင့် ရော်ဘာအစေးခြစ်သည့် လုပ်ငန်းခွင်များတွင် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	**အိမ်ထောင်စု အရေအတွက်**	**ဖြေရှင်းသည့်နည်းဗျူဟာ**(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၄	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂_____ လုပ်အားခကြိုယူ = _____၂_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၆	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၃_____ လုပ်အားခကြိုယူ = _____၃_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၁_____ လုပ်အားခကြိုယူ = _____၁_____

ရင်းမြစ်..ဥစ္စာဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။သာယာကုန်းကျေးရွာတွင် ဥစ္စာဓနအဆင့် ၃နှင့် အဆင့်၄ အိမ်ထောင်စုစုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စု စုစုပေါင်း၏ ၅၀ရာခိုင်နှုန်းကျော် ၃လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်စားနိုင်သည်။ သာယာကုန်းကျေးရွာတွင် ချေးငှါးခြင်းနှင့် လုပ်အားခကြိုတင်ယူခြင်းမျှသာ ရှိပါသည်။ အစားလျှော့စားခြင်း၊ အထောက်အပံ့ယူခြင်းမရှိပါ။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	_		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများမရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များ တွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီ ကြပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✔
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ✔	နိမ့်☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်✔	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ သာယာကုန်းကျေးရွာတွင် နေ့စားကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများရှိပြီး စားနပ်ရိက္ခာမဖူလုံမှု အနည်းငယ်သာရှိပါသည်။ လုပ်ကိုင်စားသောက်နိုင်သော လယ်၊ ဥယျာဉ်ခြံမြေများ အသင့်အတင့်ရှိသဖြင့် ကျပန်းလုပ်ကိုင်သော မိသားစုများမှ အဆိုပါလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိပါသည်။ ရာသီဥတုမှာလည်း အသင့်အတင့်မျှတသော အခြေအနေသာဖြစ်ပါသည်။ ကျေးရွာအတွင်းတွင် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်း မှုရောဂါရှိသူ အနည်းငယ်လည်း ရှိပါသည်။ ချောင်းရှိသဖြင့် မိုးရာသီ၌ ရေကြီးရှိသောကြောင့် လယ်မြေများရေဝင်ခြင်းများဖြစ်ပေါ်နေသောကြောင့် ချောင်းကောမြောင်းကောများတူးဖော်ရန် လိုအပ်နေပါသောကြောင့် သက်ဆိုင်ရာဆည်မြောင်းဦးစီးဌာနသို့ တင်ပြတောင်းခံထားပြီးဖြစ်ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✔

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ရွှေပြောင်းလုပ်သားများရှိသော အိမ်ထောင်စုများ နည်းပါးပြီး ၄င်းတို့သည် ထိခိုက်လွယ်မှုနိမ့်ကြပါသည်။ သာယာကုန်းကျေးရွာတွင် မိသားစုဆွေမျိုးများသောကြောင့် စည်းလုံးညီညွတ်မှုရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	နာရေးကူညီမှု အသင်း	၁☐ ၂✔ ၃☐	၇၅	၄၀	၁၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✔ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐
၂	ကာလသား/သမီးအဖွဲ့	၁☐ ၂✔ ၃✔	၈၀	၄၀	၁၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၃	အိမ်ထောင်ငယ်အဖွဲ့	၁☐ ၂✔ ၃✔	၂၀	၃၀	၅၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✔ ညံ့ ☐
၄	မိခင်နှင့်ကလေး စောင့်ရှောက်ရေး	၁☐ ၂☐ ၃☐	–	၁၀	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✔ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း ☐ သင့် ☐ ညံ့ ✔
၅	စေတနာဝန်ထမ်းအဖွဲ့	၁☐ ၂☐ ၃☐	၅	၃	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐ သင့် ✔

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၆	ဂေါပကအဖွဲ့	၁☐ ၂☐ ၃✔	၁၀	–	၁၀	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ✔
၇	ရပ်မိရပ်ဖ	၁☐ ၂☐ ၃☐	၅	–	၅	ပညာရေး ✔ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း ✔ သင့် ☐ ညံ့ ☐
၈	ကျောင်းအကျိုးတော်ဆောင်အဖွဲ့	၁☐ ၂✔ ၃☐	၅	–	၅	ပညာရေး ✔ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း ☐ သင့် ✔ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ သာယာကုန်းကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေးရာများဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း(၈)ခုရှိပြီး စေတနာဝန်ထမ်း (အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေး)ပရဟိတအဖွဲ့မှ ရပ်ရွာအတွင်း ဌေစုဌေချေးအဖွဲ့ဖွဲ့ပြီး အတိုးနှုန်း (၂)ကျပ်နှုန်းဖြင့် ထုတ်ချေးပေးခြင်း၊ ကျေးရွာ၏ လူမှုရေးလုပ်ငန်းများအား အဓိကဆောင်ရွက်နေကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍများတွင် ဦးဆောင်ဦးရွက်ပြုလုပ်ဆောင်ပြီး စသည့်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေကြပါသည်။

